Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

**<u>တရားရုံးက ပြစ်ဒဏ် စီရင်ခြင်းဖြင့်မဟုတ်ဘဲ ကရင်နီ စစ်သည်တော်များအား သတ်ဖြတ်မှု၊ ကရင်နီပြည်၏ အချုပ်အခြာအာဏာအား အသိအမှတ်ပြုရန် လိုအပ်ချက် တို့ နှင့် စပ်လျဉ်း၍ ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်</u>**

အာဏာရ မြန်မာစစ်အစိုးရ နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီတို့ အနေဖြင့် ပြည်နယ်အဆင့် နှင့် ပြည်ထောင်စု အဆင့်တို့ တွင် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးထားခဲ့ကြသော်လည်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့ ၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ စစ်သည်တော်လေးဦးအား မြန်မာစစ်တပ်က ဥပဒေမဲ့ ဖမ်းဆီးပြီးနောက် တရားရုံးက ပြစ်ဒဏ် စီရင်ခြင်းဖြင့်မဟုတ်ဘဲ သတ်ဖြတ်ခဲ့ခြင်းမှာ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းပင်ဖြစ်သည်။

ဤစစ်ရာဇဝတ်မှုကြီးကို ကျူးလွန်သည့် အချိန်မှာ အပစ်အခတ်ရပ်စဲရေးဖြစ်စဉ်နှင့် ဆက်စပ်နေသည်။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ ပါဝင်ခေါင်းဆောင်ထားသော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အနေဖြင့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) အား လက်မှတ်ရေးထိုးကာ ၂၁ ရာစု ပင်လုံညီလာခံအား တက်ရောက်စေရန် မြန်မာစစ်ခေါင်းဆောင်များက ဖိအားပေး၊ သွေးဆောင်နေသည့် ကာလ နှင့် တိုက်ဆိုင်လျှက်ရှိသည်။ NCA ကို ချိုးဖောက်ပါက အရေးယူဆောင်ရွက်မည့် အတည်ပြုမှု ယန္တရားကင်းမဲ့သောကြောင့် ယင်းကို လက်မှတ်ထိုးစေဦးတော့ အလားတူ ဖြစ်ရပ်ဆိုးမျိုးကို ရှောင်လွှဲနိုင်မည် မဟုတ်ချေ။

သမိုင်းကြောင်းနောက်ခံမှ ကြည့်ပါက ကရင်နီပြည်သည် လွန်စွာထူးခြားသည်။ ၎င်း၏ လွတ်လပ်မှုအား မြန်မာဘုရင်ကသာမက မြန်မာနိုင်ငံအား ကိုလိုနီပြုကာ ၎င်း၏အင်ပါယာ အတွင်းသိမ်းသွင်းခဲ့သည့် ဗြိတိသျှကပါ အသိအမှတ်ပြုခဲ့ရသည်။ ထို့နောက် မြန်မာနိုင်ငံကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းကလည်းကောင်း၊ နယ်ခြားဒေသများ ကိုယ်စား တိုင်းရင်းသားခေါင်းဆောင်များကလည်းကောင်း လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်အပေါ်အခြေပြုရေးဆွဲခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကရင်နီပြည်နယ်များ၏ လွတ်လပ်မှုကို တနည်းတဖုံ အသိအမှတ်ပြုခဲ့ရသည်။ တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား လူထုက အတည်ပြုပေးခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁) ပုဒ်မ (၂) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းပါရှိသည်။

(က) ယခင်က မြန်မာပြည်ဘုရင်ခံမှ တဆင့် ဗြိတိသျှဘုရင်မင်းမြတ် စီရင်အုပ်ချုပ်တော်မူခဲ့သော နယ်မြေအားလုံး နှင့်

(ခ) ကရင်နီနယ်များ ပါဝင်ကြသည့်

မြန်မာနိုင်ငံတနိုင်ငံလုံးသည် ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပါဝင်ရမည်။

၎င်းပြဋ္ဌာန်းချက်အရ ပေါ်လွင်သည်မှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ပေါက်မီက ကရင်နီနယ်များသည် မြန်မာနိုင်ငံ၏ အစိပ်အပိုင်းတရပ် မဟုတ်ခဲ့။ လွတ်လပ်စွာ တည်ရှိခဲ့ကြသည်။ ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်း

ခေါင်းဆောင်လျှက် စစ်တပ်အာဏာသိမ်းခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့သည်။ သို့ဖြစ်၍ ထိုအချိန်မှစကာ ယနေ့ကာလအထိ ကရင်နီနယ်များသည် ဥပဒေသဘောအရ ၄င်းတို့၏ လွတ်လပ်မှု ကို ပြန်လည်ရရှိခဲ့ပြီးဖြစ်သည်။

အထက်တွင်ဖော်ပြထားသော စစ်ရာဇဝတ်မှုကြီးမှာ ကရင်နီသစ်တောများအတွင်းမှနေ၍ တရားမဝင်ခိုးထုတ်လာခဲ့သော သစ်များအား သယ်ဆောင်လာခဲ့သည့် မြန်မာစစ်တပ်၏ ထရပ်ကားကို ကရင်နီစစ်သားများက စစ်ဆေးခဲ့သောကြောင့်ဖြစ်သည်။ ၄င်းတို့က နောက်ထပ်အလားတူ ဥပဒေမဲ့လုပ်ရပ်မျိုး မလုပ်ရန် မြန်မာစစ်တပ်အာဏာပိုင်များအား သတိပေးခဲ့သောကြောင့် ဖြစ်သည်။ ကရင်နီပြည်သစ်တောများ အတွင်းမှနေ၍ မြန်မာစစ်တပ်က သစ်ခိုးထုတ်ခြင်းမှာ သမိုင်းတွင် တောင်ငူခရိုင်ရှိ မြန်မာဘုရင်ပိုင်သစ်တောများမှ နေ၍ ဗြိတိသျှ၏ ဘုံဘေဘားမား ကုမ္ပဏီက သစ်ခိုးထုတ်ခြင်းနှင့် ဆင်တူလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် ထိုစဉ်က ဗြိတိသျှ နှင့် မြန်မာတို့ စစ်ပွဲများ ဖြစ်ပွားခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် ( ကမ္ဘာ့အမွေအနှစ်ဆိုင်ရာနိုင်ငံတကာ စာချုပ် ဟူ၍လည်းလူသိများသော) ကမ္ဘာ့ယဉ်ကျေးမှု နှင့် သဘာဝ အမွေအနှစ်တို့ကို အကာအကွယ်ပေးခြင်း ဆိုင်ရာ နိုင်ငံတကာ စာချုပ် ကို လက်ခံခဲ့သည်။ ယင်းကို လက်မှတ်ရေးထိုးထားသော နိုင်ငံများအား လူသားတို့၏ ကမ္ဘာ့အမွေအနှစ် အစိပ်အပိုင်းအနေဖြင့် ယဉ်ကျေးမှု နှင့် သဘာဝအရ အရေးပါသော နေရာများအား အသိအမှတ်ပြု၊ ထိမ်းသိမ်း၊ ကာကွယ်ရန် အဆိုပါ နိုင်ငံတကာ စာချုပ်က တောင်းဆိုသည်။ ယဉ်ကျေးမှု နှင့် သဘာဝအမွေအနှစ် နေရာများအား ကာကွယ်နိုင်ရေးအတွက် ဝန်ဆောင်မှုများပြုရန်လည်းကောင်း၊ သင့်တင့်လျောက်ပတ်သည့် ဥပဒေပိုင်းဆိုင်ရာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာများ ဆောင်ရွက်ရန်လည်းကောင်း တောင်းဆိုသည်။ အဆိုပါတာဝန်များကို ဖော်ဆောင်ရန် အရင်းအမြစ်ချို့တဲ့သော တိုင်းပြည်များအနေဖြင့် နိုင်ငံတကာ အကူအညီကို တောင်းခံနိုင်သည်။ မြန်မာနိုင်ငံသည် အဆိုပါ နိုင်ငံတကာစာချုပ်အရ ထမ်းဆောင်ရမည့် တာဝန်များကို ဖော်ဆောင်ခြင်း မပြုနိုင်သေးပါ။

မြန်မာစစ်တပ်၏ တရားမဝင်သစ်ခိုးထုတ်မှုသည် ကမ္ဘာမြေပြင်ပေါ်တွင် အန္တရာယ် ရင်ဆိုင်နေရသော သတ္တဝါများအတွက် နောက်ဆုံးကျန်ရှိနေသောခိုလှုံရာနေရာအချို့အားခြိမ်းခြောက်သည့် သစ်တောပြုန်းတီးမှုကို ဖြစ်စေသည်။ ထို့အပြင် ဗြိတိသျှ ကိုလိုနီများ ကဲ့သို့ပင် ကျူးကျော်သည့် ရာဇဝတ်မှုကို ပြုကျင့်ရာလည်းရောက်သည်။ တရားရုံးက ပြစ်ဒဏ် စီရင်ခြင်းဖြင့်မဟုတ်ဘဲ သတ်ဖြတ်ခံလိုက်ရသည့် ကရင်နီစစ်သည်တော် လေးဦးတို့မှာ ၄င်းတို့၏ သဘာဝတောရိုင်း၊ နယ်မြေ နှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန် ကြိုးပမ်းခဲ့သည့် ဂုဏ်သိက္ခာနှင့် ပြည့်စုံသော အာဇာနည်များ ဖြစ်သည်။

ကရင်နီ၊ ကချင်၊ ကရင်၊ မွန်၊ ဂုိုင်၊ ရှမ်း၊ ချင်း အစရှိသည့် တိုင်းရင်းသား ပြည်နယ်များတွင် ပြည်နယ်အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကျင့်သုံးခွင့်ရသည့် အခြေခံတွင်၊ အတူတကွလာရောက်ပူးပေါင်းကာ ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို တည်ဆောက်နိုင်မှသာ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာမည် ဖြစ်သည်။ မြန်မာစစ်တပ်က တိုင်းရင်းသားလူမျိုးများကို ဆန့်ကျင်ကာ ယခုကဲ့သို့ကျူးကျော်မှု၊ ကျူးကျော်သည့် လုပ်ရပ်နှင့် ပြင်းထန်သော ပြစ်မှုကြီးများအား ရက်စက်စွာ ကျူးလွန်နေသမျှ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းလာရေးလမ်းကြောင်းကို လျှောက်နိုင်လိမ့်မည် မဟုတ်ချေ။ ဥပဒေစိုးမိုးရေးအတွက်လည်း အထောက်အပံ့မဖြစ်နိုင်။

ကချင်အမျိုးသားလွတ်လပ်ရေး အဖွဲ့ (ကေအိုင်အို) နှင့် စစ်အစိုးရတို့၏ အပစ်အခတ်ရပ်စဲရေး သက်တမ်း (၁၇) နှစ်အတွင်းတွင် ကချင်အရပ်သားအချို့အပါအဝင် ကေအိုင်အို စစ်သားများ အစုလိုက် အသတ်ခံခဲ့ကြ ရသည်။ ၂၀၀၁ ခုနှစ်တွင် ၁၁ ဦး၊ ၂၀၀၂ ခုနှစ်တွင် ၄ ဦး နှင့် ၂၀၀၇ ခုနှစ်တွင် ၆ ဦးတို့ဖြစ် သည်။ ယင်းသတ်ဖြတ်မှုများကို မြန်မာစစ်တပ်က ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် စစ်အစိုးရနှင့် ကေအိုင်အို တို့ချုပ်ဆိုခဲ့သည့် အပစ်အခတ်ရပ်စဲရေး စာချုပ်၌ အကယ်၍ ဘက်တဘက်ဘက်၏ အရပ်သားအမှုထမ်းကဖြစ်စေ၊ စစ်သည်တဦးဦးက ဖြစ်စေ ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖေါက်မှု သို့မဟုတ် ပြစ်မှု တခုခုကို ကျူးလွန်ခဲ့သည်ရှိသော် ဥပဒေကြောင်း အရ အရေး ယူဆောင်ရွက်နိုင်ရေးနှင့် ပြစ်မှုကျူးလွန်သူအား ပြစ်ဒဏ်စီရင်နိုင်ရေး တို့အတွက် အကြပ်အတည်းစီမံခန့်ခွဲ ရေး ဘုတ်အဖွဲ့ (သို့မဟုတ်) တရားစီရင်ရေးပိုင်းဆိုင်ရာ ဖွဲ့စည်းမှု တခုခုကဲ့သို့ အဖွဲ့အစည်းမျိုးအား စာချုပ် အရ တရားဝင်ဖွဲ့စည်းတည်ထောင် ထားခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ ကေအိုင်အိုသည် ပြစ်မှုကျူးလွန်ခံခဲ့ရသည့် မိမိ၏ စစ်သားနှင့်လူထုများအတွက် တရားမျှတမှု ရှာဖွေနိုင်ခဲ့ခြင်းမရှိ။ အဖွဲ့အစည်းနှင့် မိမိတပ်အတွင်း၌မကြေနပ်မှုများ ရှိခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေး မပျက်စီးစေရန် အလို့ဌာ ယင်းကဲ့သို့တရားမဝင် ပြစ်မှုကျူးလွန်မှုများအား အကြမ်းဘက်မှုဖြင့် တုန့်ပြန်ခဲ့ခြင်း မရှိကြောင်း လေ့လာရသည်။

ပြစ်မှုကျူးလွန်ခဲ့သူများအပေါ် လုံလောက်သည့် ဥပဒေကြောင်း အရေးယူဆောင်ရွက်မှု မပြုခဲ့သောကြောင့် မြန်မာစစ်ခေါင်းဆောင်များ ခံစားလျက်ရှိသော (ပြစ်မှုကျူးလွန်ပြီးနောက်) လွတ်ကင်းခွင့် ရသည့်အခြေအနေမှာ ပို၍ ဆိုးလာခဲ့သည်။ ပြစ်မှုကျူးလွန်သူများသည် တိုင်းရင်းသားများနှင့် ၎င်းတို့အတွက် ခုခံစစ်ဆင်နွှဲနေကြသော အင်အားစုများအပေါ် အလားတူပြစ်မှုကြီးမျိုးများ ဆက်လက်ပြီး လက်ရဲဇက်ရဲ ကျူးလွန်ဂုန် မည်သည့် အခါတွင်မျှနောက်မတွန့်ကြ။

သို့ရာတွင် ကေအိုင်အို စစ်သားတဦးဖြစ်သူ ဒုတပ်ကြပ် ချမ်းယိမ်းအား မြန်မာ့တပ်မတော်က ထပ်မံ နှိပ်စက်၊ သတ်ဖြတ်ခြင်းပြုပြီး နောက်တွင်မှ ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့မှစ၍ ကေအိုင်အိုသည် အပစ်အခတ်ရပ်စဲရေး အား ဆက်လက်ထိမ်းသိမ်းထားခြင်းမပြုတော့သဖြင့် ခုခံစစ်ကိုဆင်နွှဲရင်းတိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့သည်။ အကျိုးဆက်အနေဖြင့် အခြားလူ့အခွင့်အရေးချိုးဖေါက်မှုကြီးများအပြင် ပြည်တွင်းအခြေတကျမနေထိုင်နိုင်သူ လူထုဦးရေ တသိန်းနှစ်သောင်း ကျော် ရှိလာခဲ့သည်။ ယုံကြည်လောက်ဖွယ် အစီရင်ခံချက် တခုအရ ပြင်းထန်သည့် တိုက်ပွဲကြီးများအတွင်း မြန်မာ့တပ်မတော်ဘက်မှ စစ်သည်ဦးရေ ၅၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ ကြောင်း[1] သိရသည်။





နည်းလမ်းတကျ အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း ပဋိပက္ခအတွင်းမှ ပေါ်ထွက်လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန် ကုလသမဂ္ဂ ကဲ့သို့ နိုင်ငံတကာအဝန်းအဝိုင်း၏ ကြီးကြပ်မှုအောက်တွင် ထိရောက်သော ယန္တရားတဂုပ်ကို တည်ဆောက်ထားဂုန် လိုအပ်ကြောင်း ဤဖြစ်ရပ်က သက်သေပြလျက်ရှိသည်။ သို့မှသာ မည်သည့်ဘက်မှ ဖြစ်စေ ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှု (သို့မဟုတ်) ပြင်းထန်သော ရာဇဝတ်မှုကြီးများကို ကျူးလွန်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်မည် ဖြစ်သည်။ မကောင်းသည့် အကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်မည် ဖြစ်သည်။

---

[1] http://www.irrawaddy.org/burma/army-lost-2-helicopters-suffered-heavy-personnel-losses-past-kachin-offensive-report.html.

ယခင်က ကေအိုင်အို တွေ့ကြုံခဲ့သည့် ပြင်းထန်သည့် ပဋိပက္ခကို အခြား အချို့သော တိုင်းရင်းသားလူမျိုးများ အပြင် ယခုအချိန်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ရင်ဆိုင်နေရလျက်ရှိခြေပြီ။ ကချင်အမျိုးသားလွတ်လပ်ရေး တပ်မတော်သားအား မြန်မာစစ်တပ်က မသတ်ဖြတ်မီ ရက်စက်စွာ နှိပ်စက်ညှင်းပမ်း ခဲ့သည်။ ယခု ကရင်နီစစ်သည် တော် လေးဦးသည်လည်း အလားတူကံကြမ္မာမျိုး ကြုံတွေ့ကောင်းကြုံတွေ့နိုင်သည်။ တာဝန်ရှိမှုကို ရှာဖွေဖော်ထုတ်ရ မည် ဖြစ်ပါသည်။



တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားလူသိ ရှင်ကြား ပယ်ချခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် အဆိုပါ ဥပဒေ၏ ဘောင်အောက်တွင် မရှိ။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃ (ခ) နှင့် ၃၄၃ တို့အရ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အယူခံစီရင် ပိုင်ခွင့်အာဏာကို ကျင့်သုံးထားသော စစ်ဘက်ဆိုင်ရာတရားစီရင်ရေးအောက်တွင်လည်း မရှိ။ ယင်းသည် အရပ်ဘက် ဆိုင်ရာ တရားစီရင်ရေး၏ကြီးကြပ်မှုမှ လုံးဝလွတ်ကင်းနေသောကြောင့်လည်း ဖြစ်သည်။ ကရင်နီစစ်သည်တော်များ အား သတ်ဖြတ်ခဲ့မှုကြီးအပေါ် အဆိုပါ စစ်ဘက်ဆိုင်ရာတရားရုံးများက စစ်ဆေးစီရင်မည် ဆိုပါက မည်သည့်အခါတွင် မျှ တရားမျှတမှု ရနိုင်ဘွယ်မရှိ။

## ထောက်ခံတင်ပြချက်

စစ်မှန်သည့် ငြိမ်းချမ်းမှုရှာဖွေရေး ဖြစ်စဉ်ကို ပံ့ပိုးနိုင်စေရေးအခြေခံတွင် လက်ရှိ စစ်ရာဇဝတ်မှုကြီးအား ကိုင်တွယ် နိုင်ရေးအတွက် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိမ်းသိမ်းရေး လုပ်ငန်းစဉ်များ၏ ကြီးကြပ်မှုအောက်တွင် စုံစမ်း စစ်ဆေးရေး အဖွဲ့တခုအား ဖွဲ့စည်း၊ စုံစမ်းစစ်ဆေးမှုအား ပြည့်ပြည့်စုံစုံ လုပ်ဆောင်ကာ အမှန်တရားကို ဖော်ထုတ် သင့်သည်။ ထို့နောက် စုံစမ်းစစ်ဆေးရေး အဖွဲ့က စုဆောင်းရရှိလာသော သက်သေခံချက်များအပေါ် အခြေပြုလျက် ပြစ်မှုကျူးလွန်သူများအား ဥပဒေကြောင်းအရ ထိရောက်သော အရေးယူမှုပြုစေဇမည်ဖြစ်သည်။ ယင်းအတွက်အနည်း ဆုံးအားဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ လွတ်လပ်သော ဥပဒေပညာရှင်များပါဝင်ဖွဲ့စည်းစေလျက် လွတ်လပ်သော နှစ်သွယ်စပ် တရားရုံး ( ပြစ်မှုဆိုင်ရာ အထူးခုံရုံး) တခုတွင် ကြားနာစစ်ဆေးသင့်သည်။ သို့မှသာ ဥပဒေစိုးမိုးရေး ကို ပံ့ပိုးရာရောက်မည်။ စစ်မှန်သည့် ငြိမ်းချမ်းမှု ရှာဖွေရေး ဖြစ်စဉ်အတွက် အုတ်မြစ်ချပြီးရာလည်း ရောက်ပါမည်။

(သို့မဟုတ်ပါက) ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအနေဖြင့် တည်ရှိ ပြီးဖြစ်သော ကုလသမဂ္ဂအချက်အလက်ရှာဖွေရေး မစ်ရှင်အနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကျူးလွန်လျက် ရှိသော ပြင်းထန်သည့် ပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပေးပါရန် ပန်ကြားသင့်သည်။ အစိုးရအာဏာပိုင်

များသည် တိုင်းရင်းသားပြည်နယ်များတွင် မြန်မာစစ်တပ်က ကျူးလွန်ခဲ့၊ ကျူးလွန်ဆဲဖြစ်သော နိုင်ငံတကာအဆင့်ရှိ ပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ နတ်ပိတ်ရေငုံနေသည့် မူဝါဒအား စွန့်လွှတ်သင့်ပြီ ဖြစ်သည်။ ယင်းမှာ ကျူးလွန်ခံရသော တိုင်းရင်းသားလူထုများ၏ ဆိုးဝါး နစ်နာထိခိုက်စေမှုများအား ဝိုင်းဝန်း ဖုံးကွယ်ပေးရာ ရောက်သောကြောင့်လည်း ဖြစ်သည်။

ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင်အနေဖြင့်လည်း ရှင်းရှင်းလင်းလင်း နှင့် တာဝန်ခံမှု ရှိရေးမှုကို ဖော်ဆောင်သင့်ပြီ ဖြစ်သည်။ ယင်းအတွက် မကြာသေးခင်ကမှ ကရင်နီ စစ်သည်တော်လေးဦး သတ်ဖြတ်ခံရသည့် မှုခင်းကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကျူးလွန်လျက်ရှိသော (နိုင်ငံတကာအဆင့်ရှိ) မှုခင်းကြီးများနှင့် စပ်လျှဉ်း၍ ဖြစ်ရပ်တခုချင်းစီတိုင်းတွင် မြန်မာစစ်ခေါင်းဆောင်များ နှင့် အစိုးရ အာဏာပိုင်များအား အသေးစိပ်မေးခွန်း များ လူသိရှင်ကြား မေးမြန်းသွားရန် ဖြစ်သည်။

ဥပဒေအထောက်အကူပြုကွန်ရက်
Legal Aid Network (LAN)

ဒီဇင်ဘာလ ၂၃ ရက် ၂၀၁၇ ခုနှစ်

အသေးစိပ်သိလိုလျှင် မေးမြန်းရန်

ဦးအောင်ထူး ( လူ့အခွင့်အရေး ရှေ့နေ)  ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ
(မြန်မာ နှင့် အင်္ဂလိပ်ဘာသာ) ဖုံး ၆၆ (၀) ၉ ၃၂၇ ၄၅ ၇၁၃

Website: legalaidnetwork.org
E.mail: legalaidnetwork@gmail.com